မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၇] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၇၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Legal Affairs) အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၇၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ သီတာဦး အား ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၇၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

### ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစန်းလွင် အား ဥပဒေရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၇၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

### လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၉၁၉၇ ဗိုလ်မှူးကြီး ကျော်လင်းအောင် **အစား** ကြည်း၂၃၇၅၈ ဗိုလ်မှူးကြီး အောင်ကြည်လင်း အား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ငါးကြိမ် သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိအား (ထူးခြားသည့်အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှအပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၄၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ သြဂုတ်လ ၂၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၂၄၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးအောင်မင်း<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာအေးအေးခိုင်<br>ဒုတိယပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၂၅၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | တွဲဖက်စစ်ထောက်ချုပ် (၂)<br>စစ်ထောက်ချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

( ဒ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

( ဓ ) မြို့ပြအုပ်ချုပ်ရေးကိစ္စများဆိုင်ရာ ပြင်ပပညာရှင် (၁) ဦး အဖွဲ့ဝင်

( န ) သစ်တောရေးရာဆိုင်ရာ ပြင်ပပညာရှင် (၁) ဦး အဖွဲ့ဝင်

( ပ ) မြေယာဆိုင်ရာ ပြင်ပပညာရှင် (၁) ဦး အဖွဲ့ဝင်

( ဖ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** အနေဖြင့် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါလုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နိုင်ရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်ရပ်ဆိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်း၊

( ခ ) မွေးမြူရေးလုပ်ငန်း၊

( ဂ ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊

(ဃ) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၃။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက နည်းလမ်းတကျ တင်ပြလျှောက်ထားလာခြင်းများကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းဆိုခြင်းများ ဆောင်ရွက်နိုင်သည်-

(က) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ၊

( ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

( ဂ ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၁၄ အရ သက်ဆိုင်ရာဝန်ကြီးဌာနက ကင်းလွတ်ခွင့်ပြုထားသူများဖြစ်သည့် နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားမည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

( င ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ။

၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထား ထောက်ခံချက်ဖြင့် တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များ၏ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို မကျေနပ်၍ အယူခံဝင်ရောက်လာသည့်ကိစ္စရပ်များအား ဆုံးဖြတ်ပေးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုကို အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးသို့ (၆) လလျှင် တစ်ကြိမ် တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ထံသို့ နည်းလမ်းတကျတင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၆။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ** သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့် များနှင့်စပ်လျဉ်းပြီး လိုအပ်သော တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး၏ သဘောတူညီမှုအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၂၅၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

### စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉၉/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ် ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန **အစား** အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင် ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၅၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခြောက်ကြိမ် သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိအား (ထူးခြားသည့် အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ အပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

### နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၆ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရှိပါက ဖွဲ့စည်းရန်ဖြစ်ပါသည်။) | အဖွဲ့ဝင် |
| (ဃ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး သစ်တောဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ၄ ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ( ၁ ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူး ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (ဏ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ကိုယ်စားလှယ်တစ်ဦး (အင်ဂျင်နီယာပညာရှင်) | အဖွဲ့ဝင် |
| ( န ) | ကိုယ်စားလှယ်တစ်ဦး (စိုက်ပျိုးရေး/ဖွံ့ဖြိုးရေးလုပ်ငန်းပညာရှင်) | အဖွဲ့ဝင် |
| ( ပ ) | ကိုယ်စားလှယ်တစ်ဦး (မွေးမြူရေးပညာရှင်) | အဖွဲ့ဝင် |
| ( ဖ ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ မူဝါဒများနှင့်အညီ လုပ်ငန်းစဉ်များချမှတ်ခြင်း၊

( ခ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲအတည်ပြု၍ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ ပေးပို့ခြင်း၊

( ဂ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လိုအပ်မည့် ရန်ပုံငွေတင်ပြခြင်း၊

(ဃ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ မူဝါဒများနှင့်အညီ ကြီးကြပ်ခြင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င ) အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များအား ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် လုပ်ငန်းစဉ်များအား လေ့လာစောင့်ကြည့်ခြင်း၊ အကောင်အထည်ဖော်မှုအား ကြီးကြပ်ခြင်း၊ ရလဒ်များအား ဆန်းစစ်သုံးသပ်ခြင်း။

၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်က အမိန့်ကြော်ငြာစာများဖြင့် ထုတ်ပြန်ခဲ့သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအသီးသီးကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၆၅၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၁ ၂၁ ၀၁ (၈၇၈) ပါ ရုံးအမိန့်အမှတ် ၁၆၈/၂၀၂၁ ဖြင့် ထုတ်ပြန်ခဲ့သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်စမ်းစမ်းယဉ် အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ ပြောင်းရွှေ့ခန့်ထားလိုက်ခြင်းကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၆၅၅/၂၀၂၁)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်စမ်းစမ်းယဉ် အား မြန်မာသံရုံး၊ ဟန္ဂေရီမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂)

### အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၉၅,၀၀၀/-) အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အငယ်တန်းစာရေး

(စီမံ) ဦးဇော်ထွန်းကျော် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/မခန (နိုင်) ၀၁၀၂၀၉] အား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှစ၍ တာဝန်ပေးခန့်ထားလိုက်သည်။

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အား ထပ်မံဖြည့်စွက်ခြင်း**

၁။ ယခုအခါ လတ်တလောကမ္ဘာ့နိုင်ငံအဝန်းတွင် ဖြစ်ပေါ်လျက်ရှိသည့် Coronavirus Disease 2019 (Covid–19) ကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးကုန်ကြမ်းများသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ၏ ဇယားတွင်ပါရှိသည့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစား၏ ကျန်းမာရေးဆိုင်ရာကုန်စည်များအောက်ရှိ ဇယားအမှတ်စဉ် (၂၃) ကုန်စည်များတွင် အပါအဝင်ဖြစ်ကြောင်း ရှင်းလင်းစွာသိရှိနိုင်စေရန် ဤအဓိပ္ပာယ်ရှင်းလင်းချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထိုဥပဒေ၏ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ဇယား၏ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားများအနက် ကုန်စည် (၁၀) မျိုးအား အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုခြင်းနှင့်စပ်လျဉ်းသည့် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄၆/၂၀၂၀ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄၆/၂၀၂၀ ၏ စာပိုဒ် ၈ ဇယားပါ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ဆေးဝါးကုန်ကြမ်းများစာရင်းတွင် အမှတ်စဉ် ၁၁ ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်လိုက်သည်–

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁၁ | ၂၃ | အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးများ၊ ဥပဒေ၊နည်းဥပဒေများဖြင့်ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ် ရရှိပြီး ဆေးဝါးများ၊ ဆေးဝါးကုန်ကြမ်းများ | FDA လက်မှတ်ရရှိပြီးဖြစ်သော Covid–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါး ကုန်ကြမ်းများ (ပူးတွဲဇယားပါဆေးဝါးကုန်ကြမ်း များလည်း အပါအဝင်ဖြစ်ပါသည်။) |

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်သော COVID-19 တားဆီးကာကွယ်ကုသရာတွင် အသုံးပြုသည့် ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းစာရင်း**

| Sr. No | Generic Drug |
|---|---|
| 1 | Anti–Infective–Amoxicillin, Co–Amoxiclav, Cefotaxime, Ceftazidime, Cephalexin, Cefixime, Ceftriaxone, Cefuroxime, Gentamicin, Amikacin, Azithromycin, Linezolid, Levofloxacin, Moxifloxacin, Sulbactam, Favipiravir, Remdesivir. |
| 2 | Corticosteroid–dexamethasone, prednisolone, hydrocortisone |
| 3 | Antihistamine–Chlorpheniramine, Cetirizine, Loratidine, Levocetirizine, Fexofenadine |
| 4 | Mucolytics–Bromhexine, Ambroxol, Acetyl cysteine, Carbocisteine |
| 5 | Anti–emetic–Domperidone, Metoclopramide |
| 6 | Cough suppressant–Dextromethorphan |
| 7 | Analgesic and Antipyretic–Paracetamol, Ibuprofen, Diclofenac |
| 8 | Zinc |
| 9 | Vitamin A, B Group, C, D, E, K |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထွန်း သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုနိုင်ပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထွန်း အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ထိ

ခံစားခွင့်ပြုလိုက်သည်။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

**အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ရန်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ **အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ရန် ကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါက်တာချာလီသန်း<br>ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုလွင်<br>ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဗိုလ်မှူးကြီး စောလွင် (ကြည်း ၂၀၈၃၆)<br>စက်ရုံမှူး<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်မှူးကြီး တိုးလွင် (ကြည်း ၂၈၂၆၃)<br>ယာယီဒုတိယဌာနကြီးမှူး<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်စိန်<br>အထွေထွေမန်နေဂျာ<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (စ) | ဒေါ်ဖေယျာနွယ်<br>အထွေထွေမန်နေဂျာ<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသန်းထိုက်စံ<br>ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်ကိုထိုက်<br>ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးသန်းဇော်ဌေး<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း<br>[အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းပူးတွဲတာဝန်] | အတွင်းရေးမှူး |
| (ည) | ဦးမင်းသူ<br>စက်ရုံမှူး<br>အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အဆိုပါ ကြီးကြပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) စက်ရုံအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်မြင်စွာ လည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန်၊

(ခ) နိုင်ငံခြားသားပညာရှင်များနှင့် လိုအပ်နေသည့် စက်နှင့် စက်ပစ္စည်းများ အချိန်မီရောက်ရှိရေး ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံခြားသားပညာရှင်များ နေထိုင်စားသောက်မှု အဆင်ပြေစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဃ) နိုင်ငံခြားသားပညာရှင်များ၏ လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊

(င) စက်ရုံဝန်ထမ်းများအား နည်းပညာလွှဲပြောင်းပေးခြင်း (Technical Transfer) နှင့် စာတွေ့၊ လက်တွေ့ သင်တန်းအစီအစဉ် (Training Program) အတွက် ရုရှားအစိုးရမှ ကူညီထောက်ပံ့ရန် ကမ်းလှမ်းထားသော ယူရို (၁၀.၅) သန်း တန်ဖိုးရှိ နည်းပညာအကူအညီများ ရရှိနိုင်ရေး ရုရှားအစိုးရထံ တောင်းခံရန်၊

(စ) စက်ရုံ၊ တည်ဆောက်ရေးစီမံကိန်းနှင့် နိုင်ငံခြားသားပညာရှင်များ ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဆ) ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများအား ကူညီဖြေရှင်း ဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဇ) တည်ဆောက်ရေးလုပ်ငန်းများ၊ စက်တပ်ဆင်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) ရုရှားဘက်မှ တောင်းဆိုထားသည့် ယုံကြည်စိတ်ချရသော သီးသန့်ဓာတ်အားလိုင်း [Reliable Power Supply (Independence Source)] တစ်ခု ရရှိနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ည) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ရန်၊

(ဋ) ဘဏ္ဍာငွေသုံးစွဲမှုများ စနစ်တကျရှိစေရေး စိစစ်ဆောင်ရွက်ရန်၊

(ဌ) တည်ဆောက်ရေးလုပ်ငန်းများ၊ တပ်ဆင်ရေးလုပ်ငန်းများ ပြီးစီးပါက အသိအမှတ်ပြုလက်မှတ် (Certificate) များ တောင်းခံရန်၊

(ဍ) တပ်ဆင်ပြီးစီးသောစက်များ စမ်းသပ်လည်ပတ်ပါက စွမ်းအားပြည့်ဆောင်ရွက်နိုင်မှု ရှိ မရှိ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဎ) စက်ရုံအား အောင်မြင်စွာ စမ်းသပ်လည်ပတ်နိုင်ခဲ့ပါက စက်အပြီးသတ် လွှဲပြောင်း/လက်ခံခြင်း လက်မှတ် (Final Acceptance Certifitcate–FAC) ရရှိရေး ဆောင်ရွက်ရန်၊

(ဏ) စက်ရုံအား အဆိုင်း (၃) ဆိုင်းဖြင့် လည်ပတ်နိုင်ရေး ဝန်ထမ်းအင်အား လိုအပ်ချက်များ ဖြည့်တင်း ဆောင်ရွက်ပေးရန်၊

(တ) နည်းပညာလွှဲပြောင်းမှုလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်။

ဒေါက်တာချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် (၂၉၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) **ကချင်ပြည်နယ်**

(၁) ရွှေကူမြို့နယ်

(၂) ဖားကန့်မြို့နယ်

(၃) မိုးကောင်းမြို့နယ်

(ခ) **မကွေးတိုင်းဒေသကြီး**

(၁) ပခုက္ကူမြို့နယ်

(၂) မြိုင်မြို့နယ်

(၃) တောင်တွင်းကြီးမြို့နယ်

(၄) နတ်မောက်မြို့နယ်

(၅) စလင်းမြို့နယ်

(၆) ဆင်ပေါင်ဝဲမြို့နယ်

(၇) မင်းတုန်းမြို့နယ်

(၈) မင်းလှမြို့နယ်

(၉) သရက်မြို့နယ်

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန်-

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/အထွေထွေလေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေး လုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင်အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်း၌ဒေသနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာ စခန်းများ (Inland Container Depot) နှင့် ကုန်းတွင်း ဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်းဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ။

( ခ ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

( ဂ ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

( င ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

( စ ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်း ခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

( ဇ ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

( ဈ ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွား လာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

## အမိန့်အမှတ် (၂၉၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။　ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များတွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။　သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က)　**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

(၁)　လယ်ဝေးမြို့နယ်

(ခ)　**မကွေးတိုင်းဒေသကြီး**

(၁)　ပွင့်ဖြူမြို့နယ်

(၂)　မင်းဘူးမြို့နယ်

(၃)　အောင်လံမြို့နယ်

(ဂ)　**ရှမ်းပြည်နယ်**

(၁)　ညောင်ရွှေမြို့နယ်

(၂)　တောင်ကြီးမြို့နယ်

(၃)　ရပ်စောက်မြို့နယ်

၃။　အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က)　မိမိနေအိမ်တွင်သာနေထိုင်ရန်–

(၁)　အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂)　ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်

ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ။

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/အထွေထွေလေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေး လုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင်အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများ မပါ။

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာ စခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ။

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်းဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ။

( ခ ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

( ဂ ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

( င ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့်ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန်အတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

## အမိန့်အမှတ် (၂၉၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက် လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) **ပဲခူးတိုင်းဒေသကြီး**

(၁) ညောင်လေးပင်မြို့နယ်

(ခ) **မန္တလေးတိုင်းဒေသကြီး**

(၁) နွားထိုးကြီးမြို့နယ်

(၂) ရမည်းသင်းမြို့နယ်

(ဂ) **ဧရာဝတီတိုင်းဒေသကြီး**

(၁) ကျုံပျော်မြို့နယ်

(၂) ဘိုကလေးမြို့နယ်

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန်-

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာ စခန်းများ (Inland Container Depot) နှင့် ကုန်းတွင်း ဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်းဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ။

( ခ ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/စီမံ အုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

( ဂ ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ စျေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

( င ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

( စ ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့်ဖြတ်သန်း ခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

( ဇ ) ရပ်ကွက်အတွင်း စျေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

( ဈ ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန်အတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာ ဆောင်ရွက်ရန်။

၄။ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**အမိန့်အမှတ် (၂၉၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ဓာတ်ခွဲ အတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အတွင်းရှိအောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) **မန္တလေးတိုင်းဒေသကြီး**

(၁) မြင်းခြံမြို့နယ်

( ခ ) **မွန်ပြည်နယ်**

(၁) ဘီလင်းမြို့နယ်

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာနေထိုင်ရန်–

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု

လုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာ စခန်းများ (Inland Container Depot) နှင့် ကုန်းတွင်း ဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်းဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ။

( ခ ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်းများ ဆောင်ရွက်ပေးရန်၊

( ဂ ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

( င ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

( စ ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့်ဖြတ်သန်း ခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

( ဇ ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

( ဈ ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

## အမိန့်အမှတ် (၃၀၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတုံမြို့နယ်တွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန်-

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန်သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများ မပါ၊

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့်စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်းဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ။

( ခ ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့်ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည်၂၀၂၀ခုနှစ်၊ဩဂုတ်လ၂၀ရက်၊နံနက်၀၄:၀၀နာရီအချိန်မှစတင်သက်ရောက်သည်။

**အမိန့်အမှတ် (၃၃၄/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်

(၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးအာနိသင်ပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ထိန်းချုပ်ဆေးဝါးများကို လိုအပ်သည့်လူနာများ ခက်ခဲမှုမရှိ ရရှိစေနိုင်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၀၃၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆေးရုံများ"

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၀၃၊ အပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ) ၏ အောက်တွင် အပိုဒ်ခွဲ (င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"( င ) ပုဂ္ဂလိက အထူးကုဆေးရုံကြီးများ၊

"( စ ) သတ်မှတ်လိုင်စင်ရ အထူးကုဆေးခန်းကြီးများ (အထွေထွေဆေးကုခန်းများမပါ)။"

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၀၃၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဃ) ထိန်းချုပ်ဆေးဝါးများကို ဆေးညွှန်းစာဖြင့် ရောင်းချရာတွင် ဆေးကုသရန် လူနာ သို့မဟုတ် တိရစ္ဆာန်ပိုင်ရှင်အား ရက်သတ္တပတ် (၄) ပတ်စာထက်ပို၍ ရောင်းချခြင်းမပြုရ။"

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထိန်းချုပ်ရေးဆိုင်ရာ အမိန့် ၁/၂၀၀၃၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"( ခ ) မြို့ပြ၊ မြို့ကြီးများနှင့် အလှမ်းကွာဝေးသောဒေသများတွင် နေထိုင်သည့်လူနာများအတွက် အထူး ထိန်းချုပ်ဆေးဝါးများကို သက်တမ်းရှိ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်ဆေးညွှန်းစာအပေါ် သက်ဆိုင်ရာ ခရိုင် သို့မဟုတ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သို့မဟုတ် ကုသရေးဦးစီးဌာနမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် ရောင်းချခွင့်ပြုနိုင်သည်။"

## အမိန့်ကြော်ငြာစာအမှတ် (၂၉၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

## ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၆၁/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

(င) ညွှန်ကြားရေးမှူးချုပ်	အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ်	အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ်	အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ်	အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဈ) ပါမောက္ခချုပ်	အဖွဲ့ဝင်
ဆေးတက္ကသိုလ် (၁) ရန်ကုန်

(ည) ညွှန်ကြားရေးမှူးချုပ်	အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး
ကျန်းမာရေးဝန်ကြီးဌာန

(ဋ) ဒုတိယအမြဲတမ်းအတွင်းဝန်	တွဲဖက်အတွင်းရေးမှူး
ကျန်းမာရေးဝန်ကြီးဌာန

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည်-

(က) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ဆောင်ရွက်ချက်များသည် ဥပဒေ၊ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များ ညွှန်ကြားရန်၊

(ခ) ကော်မတီသည် စီမံကိန်းအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများတွင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို စဉ်ဆက်မပြတ်သိရှိဆောင်ရွက်သွားရန်၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာ စိစစ်၍ ဘဏ္ဍာရေးဆိုင်ရာအသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲမှုရှိစေရေး၊ လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဃ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းများပစ္စည်း (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်း ကိစ္စရပ်များအား ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

( င ) ဝန်ကြီးရုံးနှင့်ဦးစီးဌာနများတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

( စ ) ကော်မတီသည် ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းမှုနှင့် လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲရသော ကိစ္စရပ်များ၊ ဝယ်ယူရေး၊ တင်ဒါရွေးချယ်ရေးနှင့် လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ခြင်း၊ လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

( ဇ ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်။

၃။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို ရက်သတ္တပတ် (၂) ပတ်လျှင် (၁) ကြိမ် ကျင်းပသွားရန်ဖြစ်သည်။

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

အမှတ် ၁၆။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့် ယှဉ်တွဲပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သို့ အလုပ်စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| ဆမ | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁၇၆၄၀ | ဒေါက်တာပြည့်ဖြိုး<br>M.B.B.S, M. Med. Sc (Public Health)<br>ဒုတိယညွှန်ကြားရေးမှူး<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော်<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ညွှန်ကြားရေးမှူး (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော်<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ညွှန်ကြားရေးမှူး (အစားအသောက်) သည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၁၇။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက် အရ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ အောက်ဖော်ပြပါ ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အား အလုပ်တာဝန် ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀- ၂၉၅,၀၀၀) အဖြစ် ရာထူး တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| ဒေါ်ပွင့်ဟေမာန်အောင်<br>ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာနခွဲ (ရန်ကုန်) | ဦးစီးအရာရှိ (အစားအသောက်)<br>အစားအသောက်ဌာနခွဲ<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန၊ နေပြည်တော် |

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

### အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များ အတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည်-

(က) ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဆောင်ရွက်ချက်များသည် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ် ကြပ်မတ်၍ လိုအပ်သည်များ ညွှန်ကြားရန်၊

( ခ ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာ စိစစ်၍ ဘဏ္ဍာရေး ဆိုင်ရာ အသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျသုံးစွဲမှုရှိစေရေး၊ လျာထားချက်ဘောင်အတွင်းမှ သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်သွားရန်၊

( ဂ ) နိုင်ငံတော်၏ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ဝန်ကြီးဌာနရန်ပုံငွေမှသုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အဦ၊ ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်း (ပြည်တွင်း/ပြည်ပ) ဝယ်ယူခြင်း ကိစ္စရပ်များအား ဈေးနှုန်းများ စိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေ ငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(ဃ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် လေလံတင်ရောင်းချ ခြင်းများ ဆောင်ရွက်ရာ၌ တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပြီး ကော်မတီသို့ တင်ပြ စေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ် ကြပ်မတ်ခြင်း၊ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

( င ) ဝန်ကြီးရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနများတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူး တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို ကော်မတီသို့ တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

( စ ) ကော်မတီသည် စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှုနှင့် လေလွှင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည် များကို ပြုပြင်ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ် ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့် မမျှော်လင့်ထားသော သဘာဝ ဘေးအန္တရာယ်များကျရောက်ပါက အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်။

၃။ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို ရက်သတ္တပတ် (၂) ပတ် လျှင် (၁) ကြိမ် ကျင်းပသွားရန် ဖြစ်သည်။

မင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲအင်အားဖြင့် (IR) ဌာနစုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒုတိယ ညွှန်ကြားရေးမှူး ဦးစည်သူဝင်း အား စီမံ/ဘဏ္ဍာဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူးရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး (IR) ဌာနစုတွင် တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

### တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများ လွှဲပြောင်းတာဝန်ထမ်းဆောင်ရေးဘုတ်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တပ်မတော်မှ ဆေးအဆင့်နိမ့် အီးအေ (၁/၂) အရာရှိများ လွှဲပြောင်းတာဝန်ထမ်းဆောင်နိုင်ရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့အား ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၂၁) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) (၇) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများရှိ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)ရာထူးနေရာများတွင် လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်နှင်းဝတ်ရည်<br>ဒုတိယဦးစီးမှူး<br>တိုင်းရင်းသားများအခွင့်အရေးဆိုင်ရာဌာနခွဲ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | <br>ဦးစီးအရာရှိ<br>တိုင်းရင်းသားများအခွင့်အရေးဆိုင်ရာဌာနခွဲ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ( ခ ) | ဦးမြင့်မောင်မောင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး | ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး |
| | တိုင်းရင်းသားအခွင့်အရေးများ | တိုင်းရင်းသားအခွင့်အရေးများ |
| | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| ( ဂ ) | ဒေါ်ငွေးမို့မို့ | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး | မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး |
| | တိုင်းရင်းသားအခွင့်အရေးများ | တိုင်းရင်းသားအခွင့်အရေးများ |
| | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| (ဃ) | ဒေါ်သူဇာမျိုးအောင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှုများဖြေရှင်းရေး | စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ |
| | အထောက်အကူပြုဌာနခွဲ | တိုင်းရင်းသားအခွင့်အရေးများ |
| | တိုင်းရင်းသားအခွင့်အရေးများ | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | |
| ( င ) | ဦးစတေဖန် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ | သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ |
| | တိုင်းရင်းသားအခွင့်အရေးများ | တိုင်းရင်းသားအခွင့်အရေးများ |
| | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| ( စ ) | ဒေါ်နော်အယ်ဒီးနာဆိုင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှုများဖြေရှင်းရေး | ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှုများဖြေရှင်းရေး |
| | အထောက်အကူပြုဌာနခွဲ | အထောက်အကူပြုဌာနခွဲ |
| | တိုင်းရင်းသားအခွင့်အရေးများ | တိုင်းရင်းသားအခွင့်အရေးများ |
| | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| (ဆ) | ဒေါ်မီမီခိုင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ | သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ |
| | တိုင်းရင်းသားအခွင့်အရေးများ | တိုင်းရင်းသားအခွင့်အရေးများ |
| | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၂၁) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့် (၇) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများရှိ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် ရာထူးနေရာများတွင် လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်ဟန်နီသန့်ဇင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး | တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး |
| | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (ခ) | ဒေါ်တင်မမမျိုး | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး | မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး |
| | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (ဂ) | ဒေါ်ခေါန်ကြည်သိန်း | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ | စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ |
| | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (ဃ) | ဦးလှထွန်းစိန် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး | ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး |
| | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (င) | ဒေါ်သင်းသင်းခိုင် | |
| | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| | မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး | မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး |
| | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (စ) | ဒေါ်စုဝေ<br>ဒုတိယညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| (ဆ) | ဒေါ်သော်ထက်ထက်ကျော်<br>ဒုတိယညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၆/၂၀၂၁ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အမြဲတမ်းအတွင်းဝန်အဖြစ် ပူးတွဲ တာဝန်ပေးအပ်လိုက်သည်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့် တူညီသော အဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံး၏ တာဝန်များကိုပါ ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

သန်းဆွေ
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ သတင်းနှင့် လုံခြုံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းဦး အား သတင်းနှင့် လုံခြုံရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၁)**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၆) ဦးအား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဌာန |
|---|---|---|
| (၁) | ဦးဇော်မိုး | ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန |
| (၂) | ဦးအောင်ထွန်းဝင်း | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>သတင်းနှင့် လုံခြုံရေးဌာနခွဲ (ရန်ကုန်ဘဏ်ခွဲ) |
| (၃) | ဒေါ်ကြည်ကြည်ဦး | စာရင်းဌာန |
| (၄) | ဦးသန့်ဇင် | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန<br>(ရန်ကုန်ဘဏ်ခွဲ) |
| (၅) | ဦးဝင်းမြင့်ဦး | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန |
| (၆) | ဒေါ်နွယ်နီဝင်း | ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန၊ ငွေကြေးမူဝါဒ၊<br>သုတေသနနှင့် စာရင်းအင်းဌာန |

၂။ ၎င်းတို့သည် မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

သန်းညိန်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ် − ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင် အား ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို **နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်မှစ၍ **နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ** သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ခင်လတ်
အမြဲတမ်းအတွင်းဝန်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

## အိမ်စောင့်အစိုးရအဖွဲ့ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

အိမ်စောင့်အစိုးရအဖွဲ့ရုံး၊ e-Government ဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမိုးဟိန်း အား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းမှစ၍** တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၁)**

အိမ်စောင့်အစိုးရအဖွဲ့ရုံး၊ သုတေသန၊ ဘဏ္ဍာရေးနှင့် စီမံကိန်းစာရင်းအင်းစိစစ်ရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးအောင်ကျော်မိုး အား လစ်လပ်လျက်ရှိသော e-Government ဌာန၊ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းမှစ၍** တိုးမြှင့်ခန့်ထားလိုက်သည်။

ဇော်သန်းသင်း
အမြဲတမ်းအတွင်းဝန်
အိမ်စောင့်အစိုးရအဖွဲ့ရုံး

## စစ်ရာထူးခန့်ချုပ်ရုံး

**(ရေတပ်ဌာနစု)**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

အမှတ် ၄/၂၀၂၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) များအဖြစ် ခန့်အပ်လိုက်သည်-

| | | |
|---|---|---|
| (၁) | မင်းနိုင် | ရေ ၅၆၂၇ |
| (၂) | မြင့်စိုး | ရေ ၅၆၂၈ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

ပ၊ ထ၊ န - အမှတ် ၅၅၈/၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၂၀၄၅/ ၁၀-၉-၂၀၂၁။